## ကလေးအခွင့်အရေး သင်ခန်းစာ (၁)
## ကလေးအခွင့်အရေး

**ရည်ရွယ်ချက်**

ကလေးများအတွက် ဘာကြောင့်အခွင့်အရေးလိုအပ်သည်ကို ယေဘူယျသဘောပေါက်စေရန်၊
ကလေးအခွင့်အရေးအယူအဆတဖြေးဖြေးတိုးတက်လာပုံကို သိရှိစေရန်၊
ကလေးများအတွက်ဘယ်လိုအခွင့်အရေးများလိုအပ်သည်ကို နားလည်စေရန်

**Activity** (လှုပ်ရှားမှု)

သင်တန်းသားများကို အုပ်စုလိုက်ခွဲစေ၍ မိမိတို့ငယ်စဉ်ကလေးဘဝက ကစားခဲ့သောကလေးကစားနည်းတမျိုး၊ သို့မဟုတ် ကလေးသီချင်းတပုဒ်ကို အဖွဲ့လိုက်ကစားခိုင်းခြင်း၊ သီဆိုခိုင်းခြင်းလုပ်ပါ။

**Discussion:** (အပြန်အလှန်ဆွေးနွေးခြင်း)

ထိုသို့လုပ်ဆောင်ပြီးပါက

- ဘယ်လိုခံစားရသလဲ မေးခွန်းမေးပါ။
- ထို့နောက် ကလေးများရဲ့ သဘောသဘာဝကို ရုံ့တုံးများဖြင့် တဦးလျှင် သင်္ကေတတခုလုပ်၍ အဓိပ္ပာယ်ဖော်ခိုင်းပါ။
- ထို့နောက်တဦးချင်း မိမိလုပ်ထားသောသင်္ကေတသည် ဘာကိုဆိုလိုကြောင်း ပြန်ရှင်းပြခိုင်းပါ။
- ထိုရှင်းပြချက်များကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ပါ။
- ထို့နောက်အောက်ပါမေးခွန်းများဆက်မေးပါ။
- ကလေးများကို ယေဘူယျဘယ်လိုအဓိပ္ပာယ်ဖွင့်ထားသလဲ။
- ဒီအဓိပ္ပာယ်အတိုင်း ကလေးတွေနေနိုင်ဖို့အတွက် ဘယ်အရာတွေလိုမလဲ။
- ကလေးနှင့် အရွယ်ရောက်ပြီးသူဘယ်အရာတွေမှာ ဆင်တူသလဲ။
- ကလေးနှင့် အရွယ်ရောက်ပြီးသူ ဘယ်နေရာတွေမှာ ကွာခြားသလဲ။
- ကလေးတွေအပေါ် ဘာတွေအထူးကာကွယ်ပေးသင့်သလဲ။

အားလုံးပြီးပါက ကလေးများ၏ သဘောသဘာဝများ၊ စိတ်ထားများ၊ အခြေအနေများ မည်ကဲ့သို့ရှိနေကြောင်းကို လွှမ်းခြုံမိစေရန် သုံးသပ်ပြပါ။ (ကလေးများသည် လူသားများသာဖြစ်ကြောင်း၊ အသက်ရှင်ရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်အောင် သွန်သင်ပံ့ပိုးပေးသင့်ကြောင်း၊ အန္တရာယ်များက ကာကွယ်ပေးသင့်ကြောင်း၊ ကလေးများကို နားလည်အောင်လုပ်ဆောင်ရန်လိုကြောင်း စသည်ဖြင့် ကဏ္ဍများခွဲပြပါ။

**Input:** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

**ကလေးအခွင့်အရေး ပေါ်ပေါက်လာသည့်သမိုင်းကြောင်း**

- ပထမနှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်ဒဏ်ကြောင့် ကလေးများသေဆုံးခဲ့ရမှုကို ဒုတိယကမ္ဘာစစ်အပြီးတွင် သတိမူစဉ်းစားလာခဲ့ကြရာမှ အစပြုခဲ့သည်။
- ပထမ စစချင်း ဥရောပတိုက်ဆိုင်ရာ ကလေးများအပေါ် ဆက်ဆံရမည့် စံချိန်စံနှုန်း ကြေငြာချက်ကို ထုတ်ပြန်ခဲ့ကြသည်။ သို့သော်လည်း ၄င်းကြေငြာစာတမ်းမှာ ဥရောပတိုက်တတိုက်တည်းအတွက်သာ အကြုံးဝင်၍ ကျန်ဒေသများနှင့် မသက်ဆိုင်ခဲ့ပါ။

- လူ့အခွင့်အရေးကြေညာစာတမ်းပေါ်လာပြီး လူသားအားလုံး လူ့အခွင့်အရေးခံစားရန် လိုအပ်ကြောင်း သဘောတူလက်ခံခဲ့ကြပြီးနောက် ကလေးများအတွက်လည်း ဆောင်ရွက်ပေးရန် ရာစုနှစ်နှင့်ချီ၍ ဆောင်ရွက်ခဲ့ကြ၊ စံချိန် စံညွှန်းသတ်မှတ်ရန်ကြိုးစားလာခဲ့ကြသည်။
- စည်းနှောင်အားရှိသော စာချုပ်တခု ပေါ်ပေါက်လာစေရန် ကြိုးစားလာခဲ့သည်။
- ၁၉၇၈ တွင် ပိုလန်နိုင်ငံသည် ကလေးများနှစ် အထိမ်းအမှတ်သက်သက်ဖြင့် ပြင်ဆင်ရန် ကုလသမဂ္ဂမှ တာဝန်ပေး ခြင်းခံရပြီးနောက် ကလေးအခွင့်အရေးမူကြမ်းကိုရေးဆွဲရန် တာဝန်ကျခဲ့သည်။ (သို့သော် အချို့သောနိုင်ငံများမှ ကလေးများနှင့်ဆိုင်ရာအကြောင်းအရာများမှာ ပြဋ္ဌာန်းပြီးသော စာချုပ်များတွင် ပါဝင်နေပြီးဖြစ်၍ သီးသန့် မလိုအပ်ကြောင်းကို ထောက်ပြခဲ့သည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ်–၁၀၌ စီးပွားရေးအမြတ်ထုတ်မှုနှင့် အလုပ်လုပ်ခွင့်ပြုသည့် အနိမ့်ဆုံးအသက်ကို သတ်မှတ်ပေးရမည်ဟု ပါရှိပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာစာချုပ်၏ အပိုဒ်–၂၃၌လည်း အနိမ့်ဆုံး လက်ထပ်ခွင့်ရှိသော အသက်၊ အပိုဒ်–၂၄ တွင် အကာကွယ်ပေးမှု၊ ခွဲခြားမှုမရှိစေမှု၊ နိုင်ငံသားဖြစ်ပိုင်ခွင့်တို့ပါရှိနေသည်။ ထို့အတူ ILO အပိုဒ်–၁၃၄ နှင့် အပိုဒ်–၁၈၂ တို့တွင်လည်း ကလေးများနှင့် ပတ်သက်၍ပါရှိနေပြီးဖြစ်ကြောင်း ထောက်ပြသွားခဲ့သည်။) သို့သော်နိုင်ငံ အတော်များများကလိုအပ်သည်ဟု ဝိုင်းဝန်းထောက်ခံခဲ့သည်။
- ၁၉၈၈ ခုနှစ်တွင် ကုလသမဂ္ဂ အလုပ်အဖွဲ့ကို တာဝန်ပေးပြီး WHO, ILO , UNICEF နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်လာရာမှ စိတ်ဝင်စားမှုများ အားကောင်းလာကာ အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါသည်။
- ၁၉၈၉ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂက အတည်ပြုပြီး ၁၉၉၀ခုနှစ်တွင် အသက်ဝင် လာသည်။

**စာချုပ်တွင်ပါဝင်သော ကလေးအခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားများ**

- ကလေးများအား မည်သည့်ခွဲခြားချက်မှမရှိဘဲ အသက် (၁၈)နှစ်အောက်ကလေးများအားလုံး အခွင့်အရေးခံစားနိုင်စေရန်၊
- ကလေးအခွင့်အရေးများကို ခွင့်ပြုရာတွင် ကလေးများ၏ အကောင်းဆုံးအကျိုးကို အဓိကအခြေခံအဖြစ် ထည့်သွင်းစဉ်းစားရန်၊
- အစိုးရများက ကလေးအခွင့်အရေးများအတွက် အထူးလုပ်ဆောင်ပေးချက်များ လုပ်ဆောင်ပေးရန်၊
- ကလေးများ၏ဖွံ့ဖြိုးတိုက်တက်မှုအလိုက် မိဘများက ပဲ့ပြင်လမ်းညွှန်မှုများ လုပ်ဆောင်ရန်၊
- ကလေးများ၏ အတွေးအမြင်၊ အယူအဆများကို လေးစားရန် တို့ဖြစ်သည်။

**ထိုစာချုပ်တွင်ကလေးများအား နည်းလမ်းသစ်များဖြင့် လက်ခံထားပါသည်။**

– ကလေးများကို လူသားများအဖြစ် အပြည့်အဝလက်ခံထားပြီး အရွယ်ရောက်သောသူတယောက်ဘဝသို့ အဆင့်ဆင့်ကြီးပြင်းဖွံ့ဖြိုးတိုးတက်နေလျက်ရှိသော လူသားတယောက်ချင်းအဖြစ်သတ်မှတ်ထားပါသည်။ ကလေးများကို မိဘများနှင့်သာ ယှဉ်တွဲ၍မြင်ခြင်း၊ မိဘများ၏ ပိုင်ဆိုင်မှုအဖြစ်မြင်ခြင်း၊ လူငယ်များ (Small adults) အဖြစ်မြင်ခြင်းမရှိပါ။ တဖြေးဖြေးချင်းဖွံ့ဖြိုးကြီးပြင်းလာသောသူများဖြစ်သောကြောင့် သူတို့သည် စော်ကားမည့်သူများကို ကိုယ်တိုင်ကာကွယ်နိုင်မှုနည်းပါးနေဆဲဖြစ်သော်လည်း ကလေးများထံတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နိုင်သော စွမ်းရည်များနှင့် လုပ်ဆောင်နိုင်မှုအစွမ်းသတ္တိများ ရှိကြသည်ဟု ဤစာချုပ်တွင် လက်ခံထားသည်။ ကလေးများကို သူတို့၏ရပ်ရွာဒေသများနှင့် နိုင်ငံအဆင့်အသိုင်းအဝိုင်းများတွင် တက်ကြွစွာပါဝင်နိုင်သော အဖွဲ့ဝင်များအဖြစ်လက်ခံရန် တိုက်တွန်းထားသည်။

**မိဘများနှင့် လူ့အသိုင်းအဝိုင်းတို့၏တာဝန်**

– မိဘများနှင့် မိသားစုများသည် ကလေးများအတွက် အခြေခံအကျဆုံးသောစောင့်ရှောက်ပေးသူများနှင့် ကာကွယ်ပေးသူများဖြစ်သည့်အတွက် ကလေးများ၏အကောင်းဆုံးအကျိုးအတွက် ထိုသူတို့ကို အဖြစ်နိုင်ဆုံး အကူအညီများထောက်ပံ့ပေးရမည်။ ထိုသူများသည် ကလေးများ၏အခွင့်အရေးနှင့် ပတ်သက်၍ နားလည် သဘောပေါက်ရာတွင် အဓိကပူးပေါင်းလုပ်ဆောင်ရမည့်သူများဖြစ်သည်။

– လူ့အသိုင်းအဝိုင်းတိုင်းတွင် ထိုအသိုင်းအဝိုင်းအတွင်းရှိကလေးများနှင့်ပတ်သက်၍ တာဝန်ဝတ္တရားများ ရှိသည်။ ယခုသဘောတူစာချုပ်တွင်ဖော်ပြသတ်မှတ်ထားသောကလေးများအပေါ်ဆက်ဆံမှုနှင့် ပတ်သက်သည့် စံချိန်သတ်မှတ်မှုများသည် ကလေးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ဖူလုံမှုနှင့် ချမ်းမြေ့ပျော်ရွှင်စေရေးအပေါ် အာရုံထား လုပ်ဆောင်လိုသော လူမှုအသိုင်းအဝိုင်းကြားရှိ ကလေးများ၏ လိုလားချက်များပင်ဖြစ်သည်။ ထိုစံချိန်စံညွှန်း များသည် လူသားတို့၏ဂုဏ်သိက္ခာရှိမှု၊ သည်းခံစိတ်ရှည်မှု၊ သွေးစည်းညီညွတ်မှု၊ ငြိမ်းချမ်းမှုနှင့် လွတ်လပ်မှု စသည့် အခြေခံတန်ဖိုးများနှင့် သက်ဆိုင်နေလျက်ရှိသည်။

**အစိုးရ၏ တာဝန်**

– ကလေးတိုင်း ထိုအခွင့်အရေးများကိုအပြည့်အဝခံစားနိုင်အောင် အာမခံပေးခြင်းသည် အစိုးရ၏တာဝန် ကျေပွန်မှုဖြစ်သည်။ အစိုးရအနေဖြင့် ဥပဒေများသတ်မှတ်ပေးခြင်း၊ အစီအစဉ်များနှင့် လုပ်ဆောင်ရမည့်အသွင် ပုံစံများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အကောင်အထည်ဖော်ပေးခြင်း၊ ထိုသို့လုပ်ဆောင်မှုများကို အကောင်အထည် ဖော်နိုင်ရန်အတွက် ဘဏ္ဍာငွေများခွဲဝေသတ်မှတ်ခြင်းများကို လုပ်ဆောင်ပေးရမည်။

## Deepening (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

– မိမိပတ်ဝန်းကျင်ရှိ ကလေးများရော ကလေးအခွင့်အရေးလိုအပ်ပါသလား။ ဘာကြောင့်လဲ။

– ဘယ်လိုသူတွေက အများဆုံးချိုးဖောက်လေ့ရှိပါသလဲ၊ ဘာကြောင့်ချိုးဖောက်ကြတာပါလဲ။

## Synthesis: (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

ကလေးများသည်လည်း လူသားများဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း တွင်ပါဝင်သော အခွင့်အရေးအများစုကို ခံစားပိုင်ခွင့်ရှိသည်ဖြစ်ကြောင်း၊ သို့သော်လည်း အသက်အရွယ်အတွေ့အ ကြုံနုနယ်သေးသောကြောင့် ကလေးများအပေါ် အန္တရာယ်ပေးမှု၊ စော်ကားမှုများရှိသောကြောင့် အထူးကာကွယ်ပေး သည့်အချက်များ ပိုလာရခြင်းဖြစ်သည်။

- သင်တန်းများအား စာရွက်နှင့် ရောင်စုံခဲတံများပေး၍ ကလေးအခွင့်အရေးကို မိမိအနေဖြင့် ဘယ်လိုနားလည် သလဲ၊ မိမိနားလည်သလို ပုံဖော်ရေးဆွဲခိုင်းပါ။
- ထိုရေးဆွဲထားသည့် သရုပ်ဖော်ပုံများကို တဦးချင်းရှင်းပြစေ၍ နံရံတွင်ကပ်ထားပါ။